ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (17-10-2011)(၆၉၁၅)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

# ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ဖူးမျှော်ကြည်ညို



**နေပြည်တော်　　အောက်တိုဘာ　　၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၃ ရက် နံနက် ၅ နာရီ ၁၀ မိနစ်တွင် ဂယာမြို့ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ဖူးမျှော်ကြည်ညိုကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဗုဒ္ဓဂယာရှိ သီရိဓမ္မာသောကမင်းကြီး စတင်တည်ထားခဲ့သော မဟာဗောဓိစေတီတော်သို့ရောက်ရှိကြပြီး စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမျှော်ကြည်ညိုကြကာ ရွှေကြာသင်္ကန်း ကပ်လှူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်အထက် ပစ္စယာရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမျှော်ကြည်ညိုကြသည်။

ဆက်လက်၍ အပရာဇိတရွှေပလ္လင်နှင့် မဟာဗောဓိပင်ကို ဖူးမျှော်ကြည်ညိုကြသည်။

ထို့နောက် အပရာဇိတရွှေပလ္လင်နှင့် မဟာဗောဓိပင်ရှေ့ရှိ ကြေးဆင်းတုတော်အား အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြပြီး မဟာဗောဓိစေတီတော်ကို လှည့်လည်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော် ပရိဝုဏ်ရှိ သတ္တသတ္တာဟ ခုနစ်ဌာနသို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✤



**နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တို့ အပရာဇိတရွှေပလ္လင်နှင့် မဟာဗောဓိပင်ရှေ့ရှိ ကြေးဆင်းတုတော်အား ဖူးမျှော်ကြည်ညိုစဉ်။**
(အပေါ်ပုံနှင့် ယာပုံ)
(သတင်းစဉ်)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**
(၁၆-၁၀-၂၀၁၁)

| |
|---|
| **နေပြည်တော်(တပ်ကုန်း)** |
| **၁ ဒသမ ၁၄ လက်မ** |
| **တံတားဦး** |
| **၃ ဒသမ ၇၀ လက်မ** |
| **ကျောက်ကရိတ်** |
| **၃ ဒသမ ၃၁ လက်မ** |
| **ရမည်းသင်း** |
| **၂ ဒသမ ၅၂ လက်မ** |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ ထွက်ခွာကြသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ တာဝန်ခံ Mr. Manish Kumar တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေယာဉ်လှေကားထိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri နှင့် ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်၏ဇနီး ဒေါက်တာဒေါ်ခင်သီရိ၊ ဂယာမြို့မှ District Majestic Mrs. Vandana Preyashi နှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား မြန်မာလူငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် ကိုလ်ကတ္တားမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်တင့်ဆွေနှင့် ဇနီး၊ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဂယာမြို့ Royal Residency ဟိုတယ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)



## ဂယာမြို့သို့ ရောက်ရှိ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ ရောက်ရှိစဉ်။**

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၇-၁၀-၂၀၁၁ (တနင်္လာနေ့)

## မြန်မာနှင့် အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုတိုးတက် နှစ်နိုင်ငံဆက်ဆံရေး အဆင့်သစ် တိုးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း အောက်တိုဘာ ၁၄ ရက် ညပိုင်းတွင် နယူးဒေလီမြို့ရှိ သမ္မတနန်းတော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတက တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ အဆိုပါအခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်က မိန့်ခွန်းပြောကြားရာ၌ **"ယနေ့ မိမိတို့ တွေ့ဆုံဆွေးနွေးမှုများသည် များစွာအောင်မြင်ခဲ့ပါကြောင်း၊ နှစ်ဖက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဆောင်ရွက်ချက်အသစ်များကိုလည်း စတင်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်သစ်သို့ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းသွားကြရမည်ဖြစ်ပြီး ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရှိန်အဟုန်ကြီးမားသည့် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း"**ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ **"မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းကောင်း အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရင်း ဒေသအဆင့်၊ နိုင်ငံတကာအဆင့်များတွင် ဆက်လက်ရပ်တည် ထောက်ခံသွားမည်ဆိုသည်ကို အလေးအနက် ပြောကြားလိုပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ဆတက်ထမ်းပိုးရရှိခံစားရသကဲ့သို့ မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း"** ပြောကြားသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်ကာလများစွာကပင် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြသည်။ နှစ်နိုင်ငံအကြားတွင် ဖြစ်တည်ခဲ့သည့် သမိုင်းကြောင်း အစဉ်အလာ၊ ယဉ်ကျေးမှုရေးရာ၊ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာတို့အရ နက်ရှိုင်းခိုင်မာသည့် ဆက်နွှယ်မှုများ ရှိနေသည်။ ထို့အတူ နှစ်နိုင်ငံအစိုးရများသည် လွတ်လပ်ရေးရပြီးချိန်မှစတင်၍ နောက်ပိုင်းဆယ်စုနှစ်များအတွင်း ဘက်မလိုက်သော လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့ကြကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ရေး မူဝါဒကို အထူးအလေးထားသကဲ့သို့ အိန္ဒိယနိုင်ငံ၏ **"အရှေ့မျှော်ဝါဒ"** ကိုလည်း အထူးလေးစားတန်ဖိုးထားသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံချင်းသာမက ဒေသတွင်းနယ်ပယ်များ၊ နိုင်ငံတကာနယ်ပယ်များတွင်ပါ နီးစပ်စွာပူးပေါင်းဆောင်ရွက်နေကြောင်း တွေ့ရသည်။

သို့ဖြစ်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲဆက်ဆံရေးများ ပိုမိုတိုးတက်ခိုင်မာမှုများမှသည် နှစ်နိုင်ငံဆက်ဆံရေး အဆင့်သစ်သို့ တိုးမြှင့်နိုင်ရေးအတွက် အရှိန်အဟုန်ကြီးမားသည့် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သုံးသပ်လိုက်ရပေသည်။ ။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ "စိမ်းလန်းစိုပြည်မူဆယ်မြေ"
၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၁၅ ၃။ အကပတေသာ
၄း၂၅ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(အရှေ့တိုင်းပညာ အထူးပြုများ)(အရှေ့တိုင်းပညာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယအတွဲ) (အပိုင်း-၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၈။ **အိန္ဒိယရုပ်ရှင် "ဂန္ဓဝင်တွင်မယ့်ဇနီး' (အပိုင်း-၂)**
၁၉။ ၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ
၂၀။ အစီအစဉ်ပြီး၏။

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၆၀၀ | ၀. ၀၃၂၅၁ |
| တရုတ် (ယွမ်) | ၆. ၃၇၉၀၀ | ၀. ၁၅၆၇၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၁၀၀ | ၀. ၀၂၀၄၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၅၀၀ | ၀. ၃၂၀၀၀ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၆၀၀ | ၀. ၇၈၉၈၉ |
| ဂျပန် (ယန်း) | ၇၇. ၂၀၀၀ | ၀. ၀၁၂၉၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၆. ၀၉ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၂၀၆၂ | ၁. ၃၈၇၇၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၂၁၉ | ၁. ၅၈၁၈၀ |

*အင်တာနက်။*

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ တရားတော်
၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ**
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ**
၈း၅၀ အ. ထ. က သုဝဏ္ဏကျောင်းတော်မှာ
၉း၁၀ ကျန်းမာပျော်ရွှင်ခြင်းအတွက် KENT အိမ်သုံးရေသန့်စက်
၉း၂၅ စာအုပ်ပြခန်း
၉း၄၅ ကျန်းမာစေသော စိတ်သဘောထား
၁၀း၂၅ The Champion of Dance
၁၀း၅၀ Celebrity Choice
၁၁း၂၅ A Journey to Korea (Part-10)
၁၁း၄၀ MRTV-4 **ကာတွန်းအစီအစဉ်**
၁၂း၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
၁၂း၂၀ စေတနာဒါနမိုး ရွာသွန်းဖြိုး
၁၂း၄၀ စားချင်စဖွယ် နည်းအသွယ်သွယ်
၁း၀၀ တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ FMF Selection
၂း၅၀ Chef Demonstration In Ikon Mart
၃း၁၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ**
၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
၄း၅၀ Activities In The City
၅း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk
၇း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ**
၇း၄၀ ဗီဒီယိုပြခန်း
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
၁၀း၃၀ အနုပညာမိုးကောင်းကင်
၁၀း၅၀ စောင်းဆရာကြီး အင်းလေး ဦးမြင့်မောင်အား ဂုဏ်ပြုသည့် အနုရသအလင်္ကာ(အပိုင်း-၂)
၁၁း၂၀ International Show Biz
၁၁း၄၀ ဖန်တီးသူနှင့် အနုပညာ (ချစ်သုဝေ)(အပိုင်း-၂)
၁၂း၀၅ ပြင်ဦးလွင်ရဲ့ ရွှေခြသေ့်
၁၂း၂၀ မြန်မာ့ရေကြောင်းပညာတက္ကသိုလ် အကြောင်း သိကောင်းစရာ
၁း၀၅ လက်ဝယ်ရှိသော
၁း၂၀ လှပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ (ဖိုးချစ်)(အပိုင်း-၁)
၁း၅၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
၂း၁၅ နာဂစ်အလွန် ဝါးနည်းပညာနဲ့ ဆောက်လုပ်ထားတဲ့ အမရမှ စာသင်ကျောင်း
၂း၃၀ တိရစ္ဆာန်လေးတွေ မွေးကြမယ် (Pluto Pet Shop)
၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅ လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော် လှမ်းလာခဲ့ပါ နောင်အင်းလေးက ကြိုနေမှာ
၄း၀၅ (see above)
၄း၂၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၄း၃၅ မဖွံ့မဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာ
၅း၀၀ အစီအစဉ်ပြီး၏။

# ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။** (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

လှည့်လည်ကြည်ညိုကြပြီး ဆဋ္ဌမသတ္တာဟ ဖြစ်သည့် မုစ္စလိန္ဒာအိုင်အတွင်းရှိ ငါးသတ္တဝါများအား အာဟာရကျွေးမွေးကြသည်။

ထို့နောက် ဗုဒ္ဓဂယာဥယျာဉ်တော်အတွင်း လှည့်လည်ကြည်ညိုကြသည်။

## လှူဒါန်း

ယင်းနောက် ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီရုံးသို့ ရောက်ရှိကြပြီး နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များက အလှူငွေများလှူဒါန်းကြရာ ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီမှ တာဝန်ရှိသူများက မဟာဗောဓိစေတီတော် ပုံတူ၊ ဗုဒ္ဓရုပ်ပွားတော်နှင့် ကော်မတီကထုတ်ဝေသည့် ဗုဒ္ဓဂယာဆိုင်ရာ စာအုပ်များကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

## တက်ရောက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဂယာမြို့ရှိ ဗုဒ္ဓဂယာမြန်မာကျောင်း၌ ကျင်းပသည့် မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာမြန်မာကျောင်း



ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်အား ညအချိန်ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ နိုင်ငံတော်သမ္မတအမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

## သင်္ကန်းဆက်ကပ်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဗုဒ္ဓဂယာ မြန်မာကျောင်း ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဗုဒ္ဓဂယာမြန်မာကျောင်း အပါအဝင် အိန္ဒိယသမ္မတနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းတို့မှ ဆရာတော်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

## သီလရှင်ဝတ်စုံလှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းက သီလရှင်ဆရာကြီးများအား သီလရှင်ဝတ်စုံများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ဗုဒ္ဓဂယာ မြန်မာကျောင်း တိုက်အုပ်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဒေါက်တာအရှင် တေဇိန္ဒထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒေါက်တာ ဒေါ်မိုးမြမြ မိသားစု၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဦးသိန်းဝင်း-ဒေါ်နီ ရွှေသံလွင်ကုမ္ပဏီ သားသမီး၊ မြေးမိသားစုနှင့် ဦးနေဉ်အောင် အောင်ချမ်းသာကုမ္ပဏီတို့က ဂယာမြို့တွင် မြန်မာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ စီကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးနှင့် ဇနီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့လိုက်ပါလျက် မွန်းလွဲပိုင်းတွင် အိန္ဒိယလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် နယူးဒေလီမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံ Minister of State for Defence Mr.M.M.Pallamraju၊ ပြည်ပရေးရာဝန်ကြီးဌာနမှ Chief of Protocal နှင့် တာဝန်ရှိသူများ၊ စစ်သံမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် ဇနီး၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် မိသားစုများက နယူးဒေလီမြို့ ပလန်(Palam) လေတပ်စခန်းမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ITC Maurya Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

(သတင်းစဉ်)

## ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်း

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)







**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဂယာမြို့ရှိ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်အား လှည့်လည်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း နယူးဒေလီမြို့ရှိ Akshardham Temple ကို သွားရောက်ကြည့်ရှု

နေပြည်တော်  အောက်တိုဘာ  ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Akshardham Temple သို့ သွားရောက်ကြသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား Akshardham Temple မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဘုရားကျောင်း၏ သမိုင်းကြောင်းနှင့် တည်ဆောက်ထားသော အနုပညာလက်ရာများအကြောင်းကို ရှင်းလင်းပြောကြားသည်။





**ဖိတ်ခေါ်ပြသ**

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များအား ဘုရားကျောင်းမှ တာဝန်ရှိသူများက ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ထပ်မံကြိုဆိုကြပြီးနောက် ဘုရားကျောင်းအတွင်း ဖိတ်ခေါ်ပြသကြရာ နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာရေး၏ အမွေအနှစ်ဖြစ်သော ကျောက်သားများဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံများ၊ ကျောက်သားပေါ်တွင် ရုပ်လုံးဖော်တည်ဆောက်ထားသည့် အနုပညာလက်ရာများ၊ ပန်းချီကားများနှင့် ရုပ်တုများအား လှည့်လည်ကြည့်ရှုကြပြီး Hall of Values and Cultural Boat Ride ကို လှေစီး၍ လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဘုရားကျောင်းအတွက် အလှူငွေနှင့်အမှတ်တရလက်ဆောင်များကိုပေးအပ်သည်။

(သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Rice Mechanization Machinery ပြကွက်၌ မျိုးသန့်မျိုးစေ့နှင့် မျိုးနှံများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)



**☆ ကျောဖုံးမှ**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရေး၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် Agriculture Research Centre ထူထောင်ရေး စီမံကိန်းလုပ်ငန်းအားဆောလျင်စွာ အကောင်အထည်ဖော်ပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ တောင်သူလယ်သမားများ စပါးအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်မြင့်မားလာအောင် ပူးပေါင်းမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ ကမ္ဘာ့ဆန်စပါးဈေးကွက်တွင် ဈေးနှုန်းမြင့်မားစွာရရှိသည့် အရည်အသွေးကောင်း ဘာစမာတီ စပ်မျိုးစပါး မျိုးစေ့ (BASMATI HYBRID SEEDS Production) မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်မှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ ဆန်စပါးအပြင် အခြားသီးနှံစိုက်ပျိုးထုတ်လုပ်မှုများအတွက်ပါ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ကူညီပူးပေါင်းဆောင်ရွက်ပေးရေး၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ မျိုးကောင်းမျိုးသန့်နွားနှင့် တန်ဖိုးမြှင့်ပစ္စည်းထုတ်လုပ်မှုနည်းပညာများ ပံ့ပိုးပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အိန္ဒိယ-မြန်မာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၌ စိုက်ပျိုးရေးကဏ္ဍသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ နှစ်စဉ်တိုးတက်လာနေသည့် လူဦးရေ၏ စားနပ်ရိက္ခာလုံခြုံမှုအတွက် သမားရိုးကျစိုက်ပျိုးထုတ်လုပ်မှုမှသည် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်မှုသို့ ပြောင်းလဲဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ပြောင်းလဲဖော်ဆောင်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များ၏ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် ဤ IARI ကျောင်းတော်ကြီး၌ စိုက်ပျိုးရေးဆိုင်ရာ မြန်မာပညာတော်သင်များ တက်ရောက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Agriculture Research Centre အပါအဝင် အသိပညာ၊ အတတ်ပညာများ မျှဝေပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အိန္ဒိယဒုတိယဝန်ကြီးနှင့် IARI မှ တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အိန္ဒိယ ဒုတိယဝန်ကြီးနှင့် IARI မှ တာဝန်ရှိသူများ လိုက်ပါလျက် Rice Mechanization Machinery ပြကွက်၌ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ Green House ဖြင့် သုတေသနမျိုးစပါးများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ မျိုးသန့်မျိုးစေ့နှင့် မျိုးနှံများခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ ဘာစမာတီမျိုးစပါးများအား လက်တွေ့စိုက်ပျိုးထားရှိမှု စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

IARI ကျောင်းသည် ဆန်စပါး၊ အခြားသီးနှံစုံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ တောင်သူပညာပေးလုပ်ငန်းများနှင့် နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ ပညာရေးကဏ္ဍ၌ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်း သိရှိရသည်။(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Rice Mechanization Machinery ပြကွက်၌ လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှု လေ့လာစဉ်။**

(သတင်းစဉ်)

**ကြည့်ရှုလေ့လာ**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Akshardham Temple ကို ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)

## ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော်  အောက်တိုဘာ  ၁၆**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဥ တု ရာ သီ တော ကို မှီ ၏



ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ဒုတိယ သတ္တာဟ အနိမိသစေတီတော်အား ဖူးတွေ့ရစဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)



စတုတ္ထ သတ္တာဟ ရတနာဃရရွှေအိမ်တော်အား ဖူးတွေ့ရစဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၁၃ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးဇင်ယော်နှင့် ဇနီး ဒေါက်တာဒေါ်ခင်သီရိ၊ စစ်သံမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် မြန်မာသင်တန်းသားများနှင့် WHO ရုံးမှ မြန်မာဝန်ထမ်းများက ဂါရဝပြုကြိုဆိုကြသည်။**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတာဝန်ကို မလွှဲမရှောင်သာ စတင်တာဝန်ယူခဲ့ချိန်မှစ၍ ၂၂ နှစ်တိုင်တိုင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်စသည်ဖြင့် အခြေခံအဆောက်အအုံ (Infrastructure)များကို ကြိုးပမ်းတည်ဆောက်ဖော်ဆောင်ပေးခဲ့ကြောင်း၊ အနာဂတ်တွင် ဒီမိုကရေစီနိုင်ငံထူထောင်ရာ၌ အသင့်ဖြစ်စေရန် ရည်မှန်း၍ လမ်းခင်းဖော်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံရေးစနစ်သို့ ညင်ညင်သာသာဖြင့် အသွင်ကူးပြောင်းနိုင်ခဲ့ကြောင်း၊ ယခုအခါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ခက်မသုံးဖြာတို့ အပြန်အလှန် ထိန်းကျောင်းပြီး ဒီမိုကရေစီကို ပီပီပြင်ပြင် စတင်ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး ဖိအားပေးစိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ပြီး အောင်မြင်စွာ ဖြေရှင်းကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပထဝီနိုင်ငံရေးအရ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလက်တွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် စီးပွားရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် ကဏ္ဍပေါင်းစုံ အကူအညီပေး ပူးပေါင်းဆောင်ရွက်နေသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် သံရုံးဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် တည်ဆောက်နိုင်ရန်အတွက် အလေးထားကြိုးပမ်း တည်ဆောက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများ၊ မြန်မာသင်တန်းသားများနှင့် WHO ရုံးမှ မြန်မာဝန်ထမ်းများအား မှာကြားစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ သံရုံးနှင့် စစ်သံရုံး၊ မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြစဉ်။** (သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၇-၁၀-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၂၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၅။ မြန်မာ့ရှုခင်း
- ၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ ဇာတ်လမ်းတို
- ၈:၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ စိုက်ပျိုးသုတ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၅ ၆။ လျှပ်တစ်ပြက်
- ၄:၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၄၅)**
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ (အပိုင်း-၁၁)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ ဒို့တာဝန်အရေး(၃)ပါး
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၂၉)**
- ၂၄။ Mini Series

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်သို့ ပြန်လည်ထွက်ခွာရန် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နယူးဒေလီမြို့ရှိ ပလန်လေတပ်စခန်းသို့ ရောက်ရှိကြသည်။**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား အိန္ဒိယသမ္မတနိုင်ငံ Minister of State for Defence Mr. M. M. Pallamraju၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်နှင့် ဇနီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် ဇနီး၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများ၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Chief of Protocal နှင့် တာဝန်ရှိသူများက ပလန်လေတပ်စခန်း၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာရာ ပလန်လေတပ်စခန်း၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများသည် ၎င်းတို့နှင့်သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် အိန္ဒိယသမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် နယူးဒေလီမြို့ရှိ Directorate General of Military Intelligence ရုံး၌ အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် Chief of the Army Staff (COAS) General V. K. Singh, PVSM, AVSM, YSM, ADC နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ တပ်မတော်များ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် နယူးဒေလီမြို့ရှိ ခေတ္တတည်းခိုသည့် ITC Maurya Hotel ၌ အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ Home Secretary Mr. R. K. Singh အားတွေ့ဆုံပြီး နယ်စပ်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးသည် အောက်တိုဘာ ၁၄ ရက် ညနေ ၃ နာရီခွဲတွင် Ministry of Development of North Eastern Region မှ Minister of State with Independent Charge ဖြစ်သူ Mr. Paban Singh Ghatowar နှင့် Secretary Mrs. Jayati Chandran တို့အား ယင်းဝန်ကြီးဌာနရုံးသို့ သွားရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကီလိုမီတာ ၁၆၄၀ ရှည်လျားသော နယ်နိမိတ်တစ်လျှောက် တည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ ရေရှည်အကူအညီများ ပေးအပ်ရေးကိစ္စတို့ကိုဆွေးနွေးခဲ့ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ Ministry of Agriculture ဝန်ကြီး H. E. Mr. Sharad Pawar အား ယင်းဝန်ကြီးဌာနရုံးသို့ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးသုတေသနဗဟိုဌာန (Agriculture Research Centre) တစ်ခု တည်ဆောက်ရေးအတွက် အိန္ဒိယနိုင်ငံဘက်မှ နည်းပညာကျွမ်းကျင်မှုအကူအညီများပေးရေး၊ စားနပ်ရိက္ခာဖူလုံရေးကိစ္စများနှင့် စိုက်ပျိုးရေးပညာရှင်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် နယူးဒေလီမြို့ရှိ Krishi Bhwan အဆောက်အအုံ၌ အိန္ဒိယသမ္မတနိုင်ငံ Heavy Industry and Public Enterprise ဝန်ကြီး Mr. Praful Patel နှင့် တွေ့ဆုံသည်။ တွေ့ဆုံရာသို့ အိန္ဒိယဝန်ကြီးနှင့်အတူ Department of Heavy Industry မှ Deputy Secretary Mr. S. S. Mahlawat နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ Public Enterprises လုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံက စက်မှုတိုးတက်မှုအတွေ့အကြုံနှင့် အသိပညာများ မျှဝေဖလှယ်ပေးနိုင်ရေး၊ အိန္ဒိယစက်မှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ဒေသ အထူးစီးပွားရေးဇုန်တို့ပြီးစီးပါက အိန္ဒိယနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်ရေး၊ အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီတွင် နယူးဒေလီမြို့ရှိ အိန္ဒိယကုန်သည်ကြီးများအသင်းခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်းတို့၏ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အောင်ချမ်းသာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးနော်အောင်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးများက နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးတက်ဖြစ်တည်လာမည့် အခြေအနေများနှင့် ကုန်သွယ်မှုတိုးတက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်းတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Sushil Kumar Shinde အား ယင်းဝန်ကြီးဌာနရုံးသို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန(Ministry of Petroleum and Natural Gas) ဝန်ကြီး H. E.Mr. S. Jaipal Reddy အား ယင်းဝန်ကြီးဌာနရုံးသို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ကဏ္ဍ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးရန်အတွက် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သူများ စေလွှတ်ရေး၊ LNG Plant တည်ဆောက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

## တွေ့ဆုံဆွေးနွေး

**ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် Chief of the Army Staff (COAS) General V. K. Singh, PVSM, AVSM, YSM, ADC နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)





**အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့ နယူးဒေလီမြို့ရှိ အိန္ဒိယကုန်သည်ကြီးများအသင်းခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံကုန်သည်ကြီးများအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

# အရှိတရား၊ အသိတရား၊ ပွားများဆင်ခြင်၊ ဉာဏ်နှင့်ယှဉ်

**မောင်ဒွဲ့ဒိုး**

မောင်ဒွဲ့ဒိုး။ ဘကြီးဖြိုးရေ အခုတလော ကြားနေရတဲ့ အသံဗလံလေးတွေကြောင့် ရှေးမီနောက်မီ ဘကြီးဖြိုးဆီကို လာခဲ့ရတာပါ။

ဘကြီးဖြိုး ။ ဆိုပါဦး- မောင်ဒိုးရ၊ ဘာတွေများလဲကွ။

ဒိုး ။ ဒီလိုပါ-ဘကြီးရာ။ တလောက မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး ဂျာနယ် စာစောင်တွေထဲမှာရော၊ နိုင်ငံရေးလောကထဲမှာပါ အတော်ကလေး လှုပ်လှုပ်ရှားရှား ဂယက်တွေရိုက်ခဲ့တာ ဘကြီးလည်း သိတယ် မဟုတ်လား။

ဖြိုး ။ အေးလေကွာ၊ ဒါကြောင့်လည်း ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ နိုင်ငံတော်သမ္မတကြီးက မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းလိုက်ပြီလို့ လွှတ်တော်ကို သဝဏ်လွှာပို့လိုက်လို့ ပြည်တွင်းကရော ပြည်ပကပါ သောင်းသောင်းဖြဖြ ထောမနာပြုခဲ့ကြတာပဲလေ။ အဲဒါ ဘာဖြစ်လို့လဲ။

ဒိုး။ ။ ဟုတ်တော့ဟုတ်ပါတယ် ဘကြီးရယ်။ ဒါပေမယ့် အခုကျပြန်တော့လည်း သက်ဆိုင်တဲ့ တရုတ်ကုမ္ပဏီက သူတို့ဘက်မှာ နစ်နာမှုတွေရှိခဲ့လို့ တရားနည်းလမ်းအရ တောင်းဆိုမယ်ဆိုတဲ့သတင်းတွေ ကြားလာကြရပြန်တော့ ဒီကိစ္စကြောင့် တရုတ်-မြန်မာချစ်ကြည်ရေးကို ထိခိုက်သွားတော့မလိုလို ပြောဆိုနေကြပြန်လို့ အဲဒီကိစ္စမှာ ဘကြီးရဲ့ ထင်မြင်ချက်ကလေး သိချင်လို့လာခဲ့တာပါ။

ဖြိုး ။ ဒို့များရဲ့အမြင်ကို အတိုချုပ်ပြောရရင်တော့ အစိုးရတစ်ရပ်ဆိုတာ ပြည်သူရဲ့လိုအင်ဆန္ဒကို ထင်ဟပ်ဖော်ဆောင်ပေးဖို့လိုသလို ပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်ပေးနိုင်ဖို့အတွက် ဘယ်ကိစ္စမဆို ကောင်းကျိုးအများဆုံးနဲ့ ဆိုးပြစ်အနည်းဆုံးဖြစ်အောင် ဆင်ခြင်တုံဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ပြီး ဆောင်ရွက်ပေးဖို့လည်း တာဝန်ရှိတာပေါ့ကွာ။

ဒိုး ။ ဘကြီးဖြိုးပြောတဲ့ ဆန္ဒနဲ့ အကျိုးစီးပွားဆိုတာ နည်းနည်းလောက် ထပ်ရှင်းပြပေးပါလားဗျာ။

ဖြိုး ။ **ဆန္ဒဆိုတာကတော့ ရေတိုခံစားချက်နဲ့ယှဉ်ပြီး လုပ်ချင်ကိုင်ချင်၊ ရချင်၊ လိုချင်တာမျိုးပေါ့ကွာ။ အကျိုးစီးပွားဆိုတာကတော့ ရေရှည်မှာ ဖြစ်ပေါ်လာနိုင်မယ့် အကျိုးအပြစ်တွေကိုပါ အရှိတရားအတိုင်း အမြင်ကျယ်ကျယ်နဲ့ ရှုမြင်သုံးသပ်ဆင်ခြင်ပြီးတော့မှ ကိုယ့်အတွက် ဘယ်နည်းလမ်းက အကျိုးအရှိဆုံးဖြစ်မလဲ၊ အလိုအပ်ဆုံးကိစ္စ ဖြစ်မလဲဆိုတာတွေကို စဉ်းစားဆုံးဖြတ်ရတာမျိုးပေါ့။ အခုဧရာဝတီကိစ္စကိုကြည့်ရင်ပဲ ဧရာဝတီမြစ်ကြီးနဲ့ ဖက်တွယ်ပြီး ရှင်သန်ကြီးပြင်းခဲ့ရတဲ့ မြန်မာပြည်သူတိုင်းက ဧရာဝတီကိုချစ်ကြတယ်၊ မြတ်နိုးတန်ဖိုးထားကြတယ်။ ဒါကြောင့်လည်း ဧရာဝတီကို ထိပါးလာမယ်ဆိုရင်ပဲ စိုးရိမ်တဲ့စိတ်တွေ၊ မခံချင်တဲ့စိတ်တွေက အလိုလို ပေါ်လာကြတာ သဘာဝပဲလေ။ မောင်ဒိုးလည်း သိတဲ့အတိုင်း နိုင်ငံရေးဆိုတာကလည်း ဒီလို စိတ်လှုပ်ရှားမှုတွေကို အခြေခံပြီး စေ့ဆော်ဖန်တီးလမ်းကြောင်းပေးရတာ အမြန်ဆုံးနဲ့ အလွယ်ဆုံးမဟုတ်လား။ ဒီတော့ ဧရာဝတီမြစ်ဆုံကိစ္စမှာ ဧရာဝတီကိုချစ်တဲ့စိတ်နဲ့ ရိုးရိုးသားသား ပြောကြဆိုကြတဲ့ ပြည်သူတွေရှိကြသလို ဟိုက၊ သည်က ပယောဂအမျိုးမျိုးကလည်း ပူးချင်ကပ်ချင်လာကြတာ မဆန်းပါဘူး။ ဒါပေမယ့် အခုလို နိုင်ငံတော်သစ်၊ ခေတ်သစ်၊ စနစ်သစ်ကို ကူးပြောင်းနေကြဆဲကာလမှာ မရင့်ကျက်သေးတဲ့ ဒီမိုကရေစီကျင့်သုံးမှုဟာ မင်းမဲ့စရိုက်ကို လွယ်လွယ်ကလေး ကူးပြောင်းသွားနိုင်မယ့်အန္တရာယ်ကလည်း ရှိနေတယ်လေ။ ဒီတော့ တိုင်းပြည်မှာ မဖြစ်သင့်တာတွေ မဖြစ်ရအောင် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ရော ပြည်သူလူထုရဲ့ဆန္ဒကို လိုက်လျော တုံ့ပြန်တဲ့ အနေနဲ့ရော ဖြစ်လာနိုင်တဲ့ အကျိုးတရားတွေကို သေချာစဉ်းစားတွက်ဆပြီးမှ အခုလို တာဝန်ယူ ရပ်ဆိုင်းလိုက်တာဖြစ်မယ်လို့ ဒို့ကတော့ ထင်တာပဲကွ။**

ဒိုး ။ ဒီလိုဆိုပေမယ့် - ဘာပဲဖြစ်ဖြစ် နိုင်ငံတကာလုပ်ထုံးလုပ်နည်းအရ သဘောတူစာချုပ်ထားတဲ့ ကိစ္စဆိုတော့ အခုလို စီမံကိန်းရပ်ဆိုင်းလိုက်လို့ ထိခိုက်နစ်နာသွားတဲ့ဘက်ကိုလည်း ထည့်ပြီးစဉ်းစားပေးဖို့ တာဝန်ရှိလာမှာပေါ့နော် ဘကြီးဖြိုး။

ဖြိုး ။ မှန်တာပေါ့ကွာ။ ဒါကြောင့်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ မိတ်ဆွေကောင်းပီသစွာ အခင်မင်မပျက် ဆက်လက်ညှိနှိုင်းဖြေရှင်းသွားမယ်လို့ သမ္မတကြီးရဲ့ သဝဏ်လွှာမှာ ထည့်သွင်းထားတာဟာ အစိုးရရဲ့ တာဝန်ယူမှုကို ဖော်ပြနေတာပေါ့။

ဒိုး ။ ဒါပေမယ့် - ဘကြီးရယ်၊ ဒီကိစ္စကြောင့် ဟိုတစ်ဖက်က မကျေမနပ်ဖြစ်လာရင် နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်မလာနိုင်ဘူးလားဆိုပြီး ပြောနေကြတာကကော။

ဖြိုး ။ ဒါကတော့ ပြောရရင် နှစ်နိုင်ငံ လုပ်ငန်းကြီးနှစ်ခုမပြောနဲ့ မိသားစုတစ်စုတည်းက အင်မတန်ရင်းနှီးတဲ့ ဇနီး-ခင်ပွန်းကြားထဲမှာတောင် မကျေမလည်ဖြစ်စရာတွေက တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ လျှာနဲ့သွားလို ဖြစ်တတ်ကြသေးတာပဲကွာ။ တရုတ်-မြန်မာ ဆက်ဆံရေးသမိုင်းမှာ ပြန်ကြည့်မယ်ဆိုရင် တစ်ခါတစ်ရံ ဒီလိုကိစ္စလေးတွေရှိတတ်ပေမယ့် မဟာဗျူဟာကျကျ အကျိုးစီးပွားကို ကြည့်မယ်ဆိုရင်တော့ တစ်ဖက်နဲ့တစ်ဖက် ရုတ်တရက် သူစိမ်းပြင်ပြင် ရန်လိုစိတ်ထားရလောက်တဲ့ အနေအထား ဘယ်လိုမှမရှိနိုင်ဘူးဆိုတာ စဉ်းစားတတ်တဲ့သူတိုင်း သိကြပါတယ်။ သမိုင်းကြောင်းကိုပဲကြည့်ကြည့် လက်ရှိနိုင်ငံတကာ မဟာဗျူဟာ အနေအထားကိုပဲကြည့်ကြည့်ပေါ့။

ဒိုး ။ ဥပမာကလေး တစ်ခုနှစ်ခုလောက် ဥဒါဟရုဏ်ဆောင်ပြီး ရှင်းမပြနိုင်ဘူးလား ဘကြီးရယ်။

ဖြိုး ။ ဥပမာဆိုရင်ကွာ၊ ဒို့နိုင်ငံလွတ်လပ်ရေးရပြီး မကြာခင်မှာပဲ ကူမင်တန်တရုတ်ဖြူတပ်တွေ ကျူးကျော်ဝင်ရောက်လာတာ မောင်ဒိုးလည်း သိတာပဲ။ ဒီတရုတ်ဖြူတပ်တွေဟာ အနောက်အင်အားကြီးနိုင်ငံရဲ့ ကျောထောက်နောက်ခံ လျှို့ဝှက်စစ်ရေး အကူအညီတွေယူပြီး တရုတ်နိုင်ငံကိုဝင်တိုက်ဖို့ဆိုပြီးတော့ ဒို့နိုင်ငံရဲ့ ပိုင်နက်နယ်မြေတွေကို အတင်းကျူးကျော်ဝင်ရောက်သိမ်းပိုက် တပ်စွဲထားလို့ နဂါးနိုင်၊ ရန်ကြီးအောင်၊ မဲခေါင်စတဲ့ စစ်ဆင်ရေးကြီးတွေနဲ့ မြန်မာ့တပ်မတော်က တွန်းလှန်မောင်းထုတ်ခဲ့ရတယ်လေ။ အဲ့ဒီစစ်ဆင်ရေးတွေမှာ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက် မိုင်းယု၊ မိုင်းယောင်း၊ မိုင်းပါလျို စတဲ့ မြန်မာနိုင်ငံအရှေ့ဘက် အစွန်ဆုံးဒေသတွေမှာ အခိုင်အမာတပ်စွဲထားတဲ့ တရုတ်ဖြူတွေကို ဟိုဘက်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နဲ့ သည်ဘက်က မြန်မာ့တပ်မတော်တို့ ပေါင်းစပ်ညှိနှိုင်းပြီး ဟန်ချက်ညီညီတိုက်ထုတ်ခဲ့လို့ အောင်ပွဲတွေရခဲ့တာ ရှိတယ်။ ဒါဟာ နှစ်နိုင်ငံစလုံးရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေး အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့ရတဲ့ အရေးကြီးဆုံး ကိစ္စတစ်ခုပေါ့ကွာ။ ဒ့ါအပြင် အိမ်စောင့်အစိုးရလက်ထက်မှာ စပြီးဆောင်ရွက်ခဲ့တဲ့ တရုတ်-မြန်မာ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး ဘ-ဘ စစ်ဆင်ရေးမှာ ဆိုရင်လည်း တရုတ်ဘက်က နိုင်ငံကြီးဖြစ်ပေမယ့် ဖိအားမသုံး အသာစီးမယူဘဲ အတော်ကလေး မျှမျှတတညှိနှိုင်းသဘောတူခဲ့လို့ ဒီလိုမျိုး သဘောတူညီချက်ရတာဟာ ကမ္ဘာမှာ ရှားရှားပါးပါးပါပဲလို့ "The Making of Burma" (ခေတ်မြန်မာတည်ဟန်)ဆိုတဲ့ စာအုပ်မှာ ဗြိတိသျှစာရေးဆရာမကြီး ဒေါ်ရသီဝုဒ်မင်းကတောင် ချီးကျူးရေးသားထားရတာ ဖတ်ရမှတ်ရဖူးသကွ။ အဲဒီတုန်းကတော့ တရုတ်နိုင်ငံက ဝန်ကြီးချုပ် ချူအင်လိုင်း၊ အိန္ဒိယဝန်ကြီးချုပ် နေရူးနဲ့ မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနုတို့ဟာ အခုအထိ ကမ္ဘာမှာ ထင်ရှားတဲ့ "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်" ကို စပြီးဖော်ထုတ်ခဲ့တဲ့ အင်မတန်ချစ်ခင်ရင်းနှီးတဲ့ မိတ်ကောင်းဆွေကောင်း ပုဂ္ဂိုလ်ကြီးတွေပေါ့ကွာ။ ငွေရေးကြေးရေးအရဆိုရင်လည်း ကိုရီးယားစစ်ပွဲကာလမှာ ဆန်ရောင်းရငွေနဲ့ ထောင်ခဲ့တဲ့ ပြည်တော်သာစီမံကိန်း နိမ့်ပါးသွားတော့ ဖဆပလအစိုးရဟာ တရုတ်နိုင်ငံက ချေးငွေကုဋေလေးဆယ်နဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရင်းဆက်ခဲ့ရတာပါပဲ။ ဒါတွေဟာ ဟိုးရှေးတုန်းကတည်းက ဆက်ဆံလာခဲ့တဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုတွေလို့ ဆိုနိုင်တာပါ။

ဒိုး ။ မြန်မာဘက်ကကော တရုတ်နိုင်ငံအတွက် ဘာတွေများ ကူညီပေးနိုင်ခဲ့သလဲ ဘကြီးရဲ့။

ဖြိုး ။ နိုင်ငံရေးအရ မြန်မာဘက်က ဆောင်ရွက်ပေးခဲ့တာတွေ အများကြီးပေါ့ကွာ။ အဲဒီထဲက အရေးကြီးဆုံးတစ်ခုကတော့ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီးတဲ့နောက် အစောဆုံးအသိအမှတ်ပြုတဲ့ နိုင်ငံတွေအထဲမှာ မြန်မာပါတယ်လေ။ အဲဒီတုန်းက အနောက်အုပ်စုနဲ့ ကုလသမဂ္ဂက ဖော်မိုဆာကျွန်းပေါ်မှာရှိတဲ့ ချိန်ကေရှိတ်အစိုးရကိုပဲ အသိအမှတ်ပြုထားတာ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေးမှာ ဦးဆောင်တိုက်တွန်းခဲ့တာလည်း မြန်မာနိုင်ငံပါတာပဲ။ ဘက်မလိုက်လှုပ်ရှားမှုရဲ့ ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံမှာ အနောက်နယ်ချဲ့အုပ်စုတွေက တရုတ်ကိုဖယ်ထားဖို့ကြိုးစားတော့ တရုတ်မပါရင် မြန်မာမတက်ဘူးဆိုပြီး ကျားကန်ပေးခဲ့တာလည်း မြန်မာပဲလေ။

ဒိုး ။ အဲဒီနောက်ပိုင်းမှာလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ မိတ်ဝတ်မပျက်ဆက်ဆံမယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ မူဝါဒနဲ့အညီ မြန်မာအစိုးရအဆက်ဆက်ဟာ တရုတ်နိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုကို ဘယ်လိုပဲဖြစ်ဖြစ် တည်တံ့အောင်ထိန်းသိမ်းခဲ့တာ ကျွန်တော်တို့လည်း မှတ်မိနေပါတယ်။ ဒီဘက်ခေတ်မှာတော့ နှစ်နိုင်ငံစလုံးက ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်ပြောင်းလဲလာပြီးတဲ့နောက် ပိုပြီး ရင်းရင်းနှီးနှီး ဆက်သွယ်ဆက်ဆံလာတာ သတိထားမိတယ်။

ဖြိုး ။ **ဒါကတော့ အမျိုးသားရေး အကျိုးစီးပွားချင်းတူရင် ပိုပြီး မဟာဗျူဟာမိတ်ဖက်ဖြစ်လာတာ သဘာဝပဲလေ။ တရုတ်နိုင်ငံဟာ စီးပွားရေးအရ ကြည့်မယ်ဆိုရင် ပိတ်ဆို့မှုတွေ ဗရပွကြားထဲက မြန်မာနိုင်ငံနဲ့ အများဆုံးကုန်သွယ်တဲ့နိုင်ငံ၊ မြန်မာနိုင်ငံမှာ အများဆုံးလာပြီး ရင်းနှီးမြှုပ်နှံထားတဲ့နိုင်ငံ ဖြစ်သလို ပထဝီနိုင်ငံရေးအရကြည့်ရင်လည်း မိုင်ပေါင်းထောင်ချီပြီး နယ်နိမိတ်ချင်းဆက်သွယ်နေတဲ့ ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးဟာ မြန်မာအတွက် အရေးကြီးဆုံးလို့ ဆိုနိုင်တာပေါ့။ တရုတ်နိုင်ငံဘက်က ကြည့်ပြန်ရင်လည်း အိန္ဒိယသမုဒ္ဒရာကနေ ပင်လယ်ထွက်ပေါက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ မြန်မာနိုင်ငံဟာ မဟာဗျူဟာမလွယ်ပေါက်အဖြစ်နဲ့ သူ့နိုင်ငံရဲ့ စွမ်းအင်လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးအတွက် အသက်သွေးကြောသဖွယ် အရေးပါနေတာပေါ့။ နိုင်ငံတကာ ဆက်ဆံရေး၊ ကမ္ဘာ့နိုင်ငံရေး၊ ဒေသတွင်းနိုင်ငံရေးကိစ္စတွေမှာလည်း ဒီဘက်ပိုင်းမှာ အပြန်အလှန် အမှီသဟဲပြုပြီး ရင်းရင်းနှီးနှီးပူးပေါင်းဆောင်ရွက်နေကြတာတွေ့ရတယ်။ ဒီတော့ အခုလို ခိုင်မာတဲ့ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍမှာ ကိစ္စကလေးတစ်ခုတလေကြောင့်တော့ ဘာမှကြီးကြီးကျယ်ကျယ် ထိခိုက်စရာ ရှိလိမ့်မယ်လို့ ဒို့များကတော့ မထင်မိပါဘူးကွာ။ အခုကိုပဲ မြန်မာဘက်က နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နိုင်ငံတော်သမ္မတကြီးရဲ့ အထူးကိုယ်စားလှယ်အဖြစ်နဲ့ တရုတ်နိုင်ငံကို သွားရောက်ပြီးတော့ တရုတ်ဒုတိယသမ္မတနဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့လို့ ဒီကိစ္စကို ပြေပြေလည်လည် မှန်မှန်ကန်ကန် မိတ်ဆွေရင်းချာပီသစွာ ပူးပေါင်းဖြေရှင်းကြဖို့ သဘောတူညီခဲ့ကြပြီလို့လည်း သိရတယ်လေ။ ဒီကိစ္စမှာ မြန်မာပြည်သူတွေကို သင်ခန်းစာ ရယူဖို့ တိုက်တွန်းချင်တာကတော့ ဘယ်ကိစ္စမဆို စိတ်ခံစားမှုနောက်ကို အလွယ်တကူလိုက်ပါတာမျိုးထက် သတိသမ္ပဇဉ် ဉာဏ်နဲ့ယှဉ်ပြီး အမြင်ကျယ်ကျယ်နဲ့ ဆင်ခြင်သုံးသပ်တတ်ကြဖို့လိုတယ် ဆိုတာကလေးပါပဲ။ ။**





## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်းရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် တက်ရောက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ အတွင်းရေးမှူးများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဥက္ကဋ္ဌများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

## (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်း အောက်တိုဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ဦးတည်ချက်(၅)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပလျက်ရှိသည်။

**ကြည့်ရှုအားပေးနိုင်**

မြန်မာ့သုခုမအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ၊ မြန်မာ့ရုပ်သေး၊ မြန်မာ့ဇာတ်သဘင်ကို အားပေးကြည့်ရှုလိုကြသော ပရိသတ်များနှင့် စင်တင်ပြဇာတ်များကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များအနေဖြင့် ရေဆင်းတက္ကသိုလ်နယ်မြေသို့ လာရောက်ကြည့်ရှုအားပေးနိုင်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ဇေယျာသီရိ မြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။**




**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မနန်းခင်သူရိန်နွယ် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

အဆိုပါ ပြိုင်ပွဲအသီးသီးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှကော်မတီဝင်များ၊ ဗဟို အကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာကို ချစ်မြတ်နိုးကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

## အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်(အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြကကြီးကြပ်၍ မဟာဂီတအဆိုအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် "နန်းသီဟိုဠ် (မှော်ပြန်ယိုးဒယား)" သီချင်းဖြင့် ချင်းပြည်နယ်မှ မအက်စတာဒေါ့ချင်းဆုန်၊ ရန်ကုန်တိုင်းဒေသကြီးမှ မစန်းနီလာညိမ်းနှင့် မခက်ခက်မိုးဦး၊ ကရင်ပြည်နယ်မှ မနန်းခင်သူရိန်နွယ်၊ ရှမ်းပြည်နယ်မှ မသက်နှင်းဦး၊ မန္တလေးတိုင်းဒေသကြီးမှ မမိုင်းမိုင်းခန့်နှင့် မဖြိုးဖြိုးသန္တာလွင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မစုစုထက်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖြူနှင်းခိုင်၊ ကချင်ပြည်နယ်မှ မနန်းသဇင်ထွန်း၊ ကယားပြည်နယ်မှ မနေခြည်၊ ပဲခူးတိုင်းဒေသကြီးမှ မခင်ရတနာစိုး၊ မွန်ပြည်နယ်မှ မနီတာလင်း၊ ရခိုင်ပြည်နယ်မှ မမေသူလွင်၊ တနင်္သာရီတိုင်းဒေသကြီးမှ မအိန္ဒြာမျိုးသွင်တို့က လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲတွင်"ဇမ္ဗူကျွန်းလုံး (သီချင်းခံ)"ဖြင့် ပဲခူးတိုင်းဒေသကြီးမှ ဦးထွန်းအောင်ကျော်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစောဝင်းနှင့် ဦးကျော်ကျော်ဟန်၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးပြည့်ဖြိုးလင်း၊ ချင်းပြည်နယ်မှ ဦးအောင်သောင်းနှင့် ရခိုင်ပြည်နယ်မှ ဦးတင်အုန်း(ခ) သုခနေမင်းသားတို့က လည်းကောင်း ပါဝင်သီဆိုယှဉ်ပြိုင်ကြသည်။

## အကပြိုင်ပွဲ

အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မာဒင်ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသမီး)အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဒေါ်မြန်မာပြည်အိီးတီ၊ ရန်ကုန်တိုင်းဒေသကြီးမှ မတင်မို့မို့လွင်၊ ချင်းပြည်နယ်မှ မမြပွင့်ဖြူ၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ထက်ထက်လင်းနှင့် ဒေါ်ယမင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ဝိုင်းဝိုင်းလည်၊ မွန်ပြည်နယ်မှ မနွေးနွေးကဗျာနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မအိဇင်မိုးတို့က လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသား)အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြိုင်ကြီးငှုစောကျော်လင်းစိုး၊ မွန်ပြည်နယ်မှ မောင်ရွှေနန်းဗိုလ်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကျော်မင်းထွေးနှင့် ဦးနန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးတင်ဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကျော်ဗိုလ်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဝင်းကျော်သူတို့ကလည်းကောင်း အနုသုခုမကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်တင်ဆက်သွားကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ ကွက်စိပ်ပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးတင်စိုး



**ဝါသနာရှင် အဆင့် (ပထမတန်း)(အမျိုးသား) အကပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး မှ ဦးကျော်မင်းထွေး ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြပြီး "မဟာဗုဒ္ဓဝင် တောထွက်ခန်း" ခေါင်းစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဦးအေဝမ်းမင်းဇော်က ဂန္ထဝင်စစ်သွေး ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ကယားပြည်နယ်မှ ဦးတင်ဦးက ဦးစိန်ဘိုနီ ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးမင်းဆန်းက ဦးစိန်ဗေတူး ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသန်းထွန်းက ဟိန်းရာဇာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား၊ အမျိုးသမီး)နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲ သီချင်းတိုက်လေ့ကျင့်ခြင်းကို နံနက် ၉ နာရီခွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ (၂)၌ ကျင်းပရာ အရေးအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လတ်နှင့် အကဲဖြတ်ပညာရှင်များက ကြည့်ရှုကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲတွင် "ပန်းပိတောက်ဝင်းလျှံ ခါသင်္ကြန်" ခေါင်းစဉ်ဖြင့် မွန်ပြည်နယ်မှ ဦးတင့်ဇော်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကျော်လင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးမျိုးညွန့်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကျော်မြင့်နှင့် ဦးမြတ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ တက္ကသိုလ်ဆန်နီ(ခ) မိုက်ကယ်စိန်အောင်နှင့် ဦးသန်းဝင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးသန်းရှိန်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်တို့က သီချင်းတိုက် လေ့ကျင့်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲတွင် "အရှေ့တောင်အာရှ အားကစားပွဲ အောင်ပွဲရဖို့တို့ဆင်နွှဲ" ခေါင်းစဉ်ဖြင့် ချင်းပြည်နယ်မှ ဦးချမ်းမြေ့၊ မွန်ပြည်နယ်မှ ဦးတင်မောင်ငြိမ်း၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထန်လျန်ကပ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးသန်းကျော်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ခင်၊ မကွေးတိုင်းဒေသကြီးမှ ဦးကျော်သန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးမြင့်ဆွေနှင့် ဦးကိုကိုဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမြတ်ဝေတိုးနှင့် ဦးထွန်းသန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်၊ ကရင်ပြည်နယ်မှ စောထွန်းအာကာဗိုလ်နှင့် ကယားပြည်နယ်မှ မောင်လင်းဟိန်းတို့ သီချင်းတိုက် လေ့ကျင့်ကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲတွင် "အနန္တဂိုဏ်းဝင် ကျေးဇူးရှင်" ခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မသုသုစံ၊ ချင်းပြည်နယ်မှ မောင်မြင့်ဇော်၊ မွန်ပြည်နယ်မှ မမြတ်ပွင့်ယမုံနှင့် မဇင်မီမီသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဝေဖြိုးအောင်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ငြိမ်းချမ်းအောင်နှင့် မောင်သက်ပိုင်ကြွယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေမိမိအောင်နှင့် မောင်သန်းစိုးလွင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မခင်ချောချောခိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးကိုကိုဝင်းတို့ သီချင်းတိုက် လေ့ကျင့်ကြသည်။

## အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စန္ဒရားအတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား)စန္ဒရားအတီးပြိုင်ပွဲတွင် "မှန်ရဝေ(ပတ်ပျိုး)" သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝိုင်းလမင်းအောင်နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်သူရမြတ်မင်းစံတို့က ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် "မှန်ရဝေ(ပတ်ပျိုး)" သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မခင်မြင့်မြတ်မောင်၊ မန္တလေးတိုင်းဒေသကြီးမှ မခင်ရတနာဦး၊ ကချင်ပြည်နယ်မှ မဆိုဖီယာနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မဆုသီရိအောင်တို့က ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး)စန္ဒရားအတီးပြိုင်ပွဲတွင် "ဗွေးတုတ်(ကာလပေါ်)" သီချင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်ထက်ထက်လင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေသူဇာထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ မရွှေရည်လဲ့လဲ့ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မဆုပြည့်စုံမြင့်တို့က ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) ဂီတာအတီးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ ဗဟိုအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဂီတာဖေဝင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် "ဂုဏ်တော်အဖွင့်(ကာလပေါ်)" သီချင်းဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးတင်ထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးရဲတင့်နှင့် ဦးကျော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စည်သူထက်အောင်နှင့် ဦးစိုးတင့်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရမ်းကျော်၊ ချင်းပြည်နယ်မှ ဦးဘိုကျော်(ခ) ကျော်ဆန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးသက်အောင်စိုး၊ ရခိုင်ပြည်နယ်မှ ဦးမင်းမြင့်၊ မကွေးတိုင်းဒေသကြီးမှ ဦးအေးသွင်တို့က လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး)ဂီတာအတီးပြိုင်ပွဲတွင် "မှိုင်းမှိုင်းမြ(သီချင်းခံ)" သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မပိုးအိကြည်သူဆန်းနှင့် မထက်လေးရွှေဘို၊ ရခိုင်ပြည်နယ်မှ မကြည်ပြာဦးတို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင်"ချစ်ရေစင်(ကာလပေါ်)" သီချင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ပိုမိုထက်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သူရမြင့်လွင်နှင့် မောင်အောင်ကျော်သိန်းတို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်(အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် "မှိုင်းရိပ်ကယ်တည့် (ကြိုး)" သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မခင်ပြည့်စုံအောင်၊ မသက်ထားဝေ၊ မန္တလေးတိုင်းဒေသကြီးမှ မနှင်းအိခိုင်တို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဂီတာ အတီးပြိုင်ပွဲတွင် "ပပဝင်း(ကာလပေါ်)"သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်မိုးထွေး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သက်လွင်အောင်ထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်နိုင်စိုးတို့က လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမြစတင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြပြီး "စိန်ကြောင်နီလာ(ပတ်ပျိုး)" သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဦးသက်ဇော်(ခ) ဦးကျော်ငြိမ်း၊ ရခိုင်ပြည်နယ်မှ ဦးသိန်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးလှိုင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးစိန်ဖုန်းနိုင်၊ မကွေးတိုင်းဒေသကြီးမှ ဦးလှကြည်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးစိုးသိမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသူ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကြည်သာဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ကြည်ခိုင်နှင့် မောင်မြန်မာပြည်သားလေး ဖိုးဇော်(ခ) ဇော်မင်းထွန်း၊ မွန်ပြည်နယ်မှ ဦးစိုးပိုင်ပိုင်နှင့် ကယားပြည်နယ်မှ ဦးခင်မောင်လှိုင်တို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ "မှိုင်းရိပ်ကယ်တည့်(ကြိုး)" သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မယဉ်ယဉ်အေး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မမေသကြၤန်၊ မန္တလေးတိုင်းဒေသကြီးမှ မလှမြတ်ကြွယ်နှင့် မဝင်းမြတ်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မခင်မို့မို့တို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဒုတိယနေ့ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် "ဇေယျာမြို့ (ကြိုး)"သီချင်းဖြင့် ပဲခူးတိုင်းဒေသကြီးမှ မောင်မင်းမင်းဇော်၊ ကရင်ပြည်နယ်မှ မောင်ရဲထွန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်ကိုဇော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဟိန်းမင်းကိုကို၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ချစ်ကိုကိုစိုး၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်ဇော်အောင်၊ မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုးနှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်နိုင်ဝင်းအောင်တို့က ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသား)ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် "ဇမ္ဗူကျွန်းလုံး(သီချင်းခံ)" ဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးသန်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဗိုလ်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကောင်းသန့်နှင့် ဦးကျော်မိုးနိုင်(ခ)နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးကောင်းဆက်၊ ဧရာဝတီတိုင်းဒေသကြီးမှ ပတ္တမြားလှိုင်မင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးဇော်ဝင်းတို့က ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို နံနက် ၉ နာရီ ၁၀ မိနစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ(၁)၌ ကျင်းပရာ ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဘုန်းမြတ်ပြည့်စုံညိမ်း(ခ) အောင်ပြည့်စုံအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်စိုးညီညီအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာအဖွဲ့တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသ



**အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)အရေးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မမြတ်ပွင့်ယမုံနှင့် မဇင်မီမီသိန်းတို့ သီချင်းတိုက် လေ့ကျင့်ကြစဉ်။** (သတင်းစဉ်)



**အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

# အဓိကသီးနှံ ၁၀ မျိုးကို ကမ္ဘာ့အဆင့်မီမျိုးသစ်များ တီထွင်ထုတ်လုပ်နိုင်ပြီး နိုင်ငံမှုပိုင်ထုတ်နိုင်ပါက သီးနှံတစ်မျိုးအတွက် ကျပ် သိန်း ၁၀၀ ချီးမြှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၆

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမဆောင်၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၆ ရက် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနား (World Food Day) သို့ တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေး၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Giuseppe Romalli၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ခံများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဆုရတောင်သူဦးကြီးများ၊ သစ်တောဦးစီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းမှ ဆုရရှိသူများ၊ စာစီစာကုံးဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ကမ္ဘာ့ပြည်သူများအားလုံး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် ဆင်းရဲငတ်မွတ်မှု တိုက်ဖျက်ရေးအတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ဦးဆောင်ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အနေနှင့်လည်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သုတေသနဖွံ့ဖြိုးမှု (Research and Development) လုပ်ငန်းများနှင့် စပ်လျဉ်း၍ မိမိတို့နိုင်ငံ၏ အဓိကသီးနှံအမယ်များ မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း။

နိုင်ငံတော်က သတ်မှတ်ထားသည့် အဓိကသီးနှံ ၁၀ မျိုးဖြစ်သည့် စပါး၊ ကြံ၊ ဝါ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ သီးနှံများ အတွက် မျိုးသစ်များကို သုတေသနပြု ထုတ်လုပ်ကြရန် တိုက်တွန်းလိုကြောင်း၊ ၎င်းသီးနှံ ၁၀ မျိုးကို ကမ္ဘာ့အဆင့်မီ မျိုးသစ်များ တီထွင်ထုတ်လုပ်နိုင်ပြီး နိုင်ငံတော်၏ မူပိုင်အဆင့်အဖြစ် ထုတ်လုပ်နိုင်ပြီဆိုလျှင် ဝန်ကြီးဌာနအနေနှင့် သေချာစွာ စစ်ဆေးပြီး သီးနှံတစ်မျိုး အတွက် တီထွင်ဆန်းသစ်မှုဆု ငွေကျပ် သိန်း ၁၀၀ ဂုဏ်ပြုချီးမြှင့်ပေးသွားမှာ ဖြစ်ကြောင်း။

တီထွင်မှုနှင့်စပ်လျဉ်း၍ အစိုးရပညာရှင်များကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ပထမ အဆင့်အနေနှင့် ဝန်ကြီးဌာနက အသိ အမှတ်ပြုပြီးသည့်နောက် နိုင်ငံတော် အဆင့် အသိအမှတ်ပြု၍ သက်ဆိုင်ရာ တီထွင်ကြံဆသူများကို ဂုဏ်ပြုနိုင်ရန် အတွက် ဆက်လက်တင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Giuseppe Romalli က ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၁၁ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန် တောင်သူဆုရ တောင်သူဦးခမ်းပု (တိန်းလုံကျေးရွာအုပ်စု မူဆယ်မြို့နယ်)၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန် တောင်သူဆုရ ဦးဇော်မင်းထွန်း (ဆည်ကြီးကျေးရွာအုပ်စု၊ ရမည်းသင်းမြို့)၊ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု ဦးသိန်းနိုင် (ပျဉ်းမနားမြို့နယ်)တို့အား ဆုများပေးအပ် ချီးမြှင့်သည်။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန် တောင်သူဆုရ တောင်သူ ဦးခမ်းပုအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက သစ်တောဦးစီးဌာန စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းထူးချွန်ဆု ပထမဆုရ လှည်းကူးမြို့နယ်၊ ဒုတိယဆုရ ဖြူးမြို့နယ်၊ တတိယဆုရ ဆောမြို့နယ်တို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အသားတိုးနွား စနစ်တကျ မွေးမြူမှု ဂုဏ်ပြုဆုရ ဦးမြင့်သူ (ဂရင်းလန်း မွေးမြူရေးခြံ)၊ ရေချိုငါးအမယ်သစ် သားပေါက်ထုတ်လုပ်မှု ဂုဏ်ပြုဆုရ ဦးစန်းဝင်း (ကမာပတောကျေးရွာ၊ ခရမ်းမြို့နယ်)နှင့် ရေချိုပုစွန်မွေးမြူထုတ်လုပ်မှု ဂုဏ်ပြုဆုရ ဦးမြင့်စိုး (ဇာတိမာန်ကုမ္ပဏီ၊ အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နယ်)တို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေးက အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးထူးချွန် ပထမဆု ရရှိသူ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခိုင်မဥ္ဇူသင်းနှင့် ဒုတိယဆု၊ တတိယဆု ရရှိသူများကိုလည်းကောင်း၊ ရေချိုငါးမွေးမြူ ထုတ်လုပ်မှု ဂုဏ်ပြုဆုရ ဦးကျော်ဇော (အမှတ်-၄၊ စလင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်)၊ ပုစွန်အစာထုတ်လုပ်မှု ဂုဏ်ပြုဆုရ ဒေါက်တာကျော်ထွန်းမြင့် (အားမာန်သစ် ပုစွန်အစာထုတ်လုပ်ရေး)၊ ကဏန်းပျော့မွေးမြူ ထုတ်လုပ်မှု ဂုဏ်ပြုဆုရ ဦးအောင်နိုင် (အောင်မိုးခိုင်ကုမ္ပဏီ)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအုန်းသန်း၊ ဦးခင်ဇော်၊ ဦးဘရွှေနှင့် ဒေါက်တာ မြတ်မြတ်အုန်းခင်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Mr. Giuseppe Romalli၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆုချီးမြှင့်ပွဲအခမ်းအနား၌ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုအပါအဝင် ဆုပေါင်း ၈၅ ဆုကို ဂုဏ်ပြုပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

# မဲခေါင်ဒေသတွင်းခြောက်နိုင်ငံ ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ မြန်မာအသင်းအနိုင်ရဗိုလ်စွဲ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကမ္ဘောဒီးယားနိုင်ငံ၌ အောက်တိုဘာ ၈ ရက်မှ စတင်ကျင်းပလျက်ရှိသော မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့ပါဝင်သည့် မဲခေါင်ဒေသတွင်းခြောက်နိုင်ငံ အသက်(၂၁) နှစ်အောက် ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ ကျင်းပရာ မြန်မာအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရ ဗိုလ်စွဲကြောင်း သိရှိရသည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ်တွင် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေခဲ့ပြီး အချိန်ပိုဒုတိယပိုင်း စစချင်းမှာပင် မြန်မာအသင်းက အနိုင်ဂိုး ရရှိခဲ့ခြင်း ဖြစ်သည်။

ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း မိနစ် ၄၀ တွင် ပမ်ပက်ခ်က သွင်းယူခဲ့ပြီး တစ်မိနစ်အကြာတွင် မြန်မာအသင်းအတွက် ချေပဂိုးကို နေပြည်တော် F.Cအသင်းမှ ကစားသမား ကွင်းလယ်လူ ဇော်လင်းက ပြန်လည်သွင်းယူခဲ့သည်။



မြန်မာအသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်း အချိန်ပို ၁၀၆ မိနစ်တွင် ရတနာပုံ F.C ကစားသမား ကွင်းလယ်လူ သက်နိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာအသင်းသည် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖလားကို ရရှိခဲ့ပြီး အာဆီယံအသက် (၁၉)နှစ်အောက် ပြိုင်ပွဲတွင် ထိုင်းအသင်းအား ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကိုလည်း ပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၁၀၇)

**မြန်မာလူငယ် ဘောလုံးအသင်း ဗိုလ်လုပွဲတွင် အနိုင်ရရှိပြီး ပျော်ရွှင်စွာဖြင့် ပရိသတ်များအား နှုတ်ဆက်ကြစဉ်။**

# မြန်မာ့ဘောလုံးစွမ်းရည် တိုးတက်မြင့်မားလာစေရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအား သွားလာနေထိုင်စားသောက်ရေး စီစဉ်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာ့ဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားလာစေရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြမည့် စာတမ်းရှင်များ၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ၊ ဘောလုံးအားကစားဝါသနာရှင်များအား နေပြည်တော်၌ နေထိုင် စားသောက်ရေးနှင့် ရန်ကုန်-နေပြည်တော် အသွား/အပြန်အတွက် မော်တော်ယာဉ်များကို အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ လိုက်ပါလိုသူများအနေဖြင့် အောက်တိုဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီအရောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ သတင်းပို့လိုက်ပါကြရန်နှင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မှ နေပြည်တော်သို့ မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မော်တော်ယာဉ် ၃၅၁၁ စီး အစားထိုးယာဉ် တင်သွင်းခွင့်ပါမစ်များ ထုတ်ပေးပြီး

**နေပြည်တော် အောက်တိုဘာ ၁၆**

သက်တမ်းကြာမြင့်သော မော်တော်ယာဉ်များ အပ်နှံဖျက်သိမ်း၍ အစားထိုးယာဉ်တင်သွင်းခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်တွင် လူစီးယာဉ် ၃၇၁ စီး၊ ကုန်တင်ယာဉ် ၁၀ စီး၊ ခရီးသည်တင်ယာဉ်ငါးစီး စုစုပေါင်း ၃၈၆ စီးဖြစ်ပြီး အစားထိုးယာဉ်တင်သွင်းခွင့် ပါမစ်များ စတင်ထုတ်ပေးသည့်ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ လူစီးယာဉ် ၃၄၄၁ စီး၊ ကုန်တင်ယာဉ် ၄၁ စီးနှင့် ခရီးသည်တင်ယာဉ် ၂၉ စီး စုစုပေါင်း ၃၅၁၁ စီး ခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မော်လမြိုင်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၁၀ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၆**

*ယနေ့ မွန်းလွဲ ၁၂ နာရီ ၂၉ မိနစ် ၃၂ စက္ကန့် အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ရွာ၏ မြောက်ဘက် ၈ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ သုည အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။* (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဇီဝမျိုးစုံ မျိုးကွဲတွေ

ကြွယ်စေဖို့

သဘာဝတောတွေ

ထိန်းသိမ်းစို့

# ဒီပဲယင်း အထက အာစရိယ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ဒီပဲယင်း အထကတွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)နှင့်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဂါရဝပြု မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ယင်းကျောင်းရွှေဝါမြေခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဒီပဲယင်းမြို့၊ ရာသက်ပန် အာစရိယ ပူဇော်ပွဲ ငွေစာရင်းအမှတ် F-22 နှင့် တောင်ပြင်ရပ် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး ဖုန်း-၀၇၁-၅၅၀၂၈၊ ဦးကျော်မင်း ဖုန်း-၀၇၁-၅၅၀၄၄၊ ဦးအောင်လင်း ဖုန်း-၀၇၁-၅၅၀၁၈၊ ဦးဇော်ဇော်မြင့် ဖုန်း-၀၇၁-၅၅၁၁၁၊ ၀၇၁-၅၅၂၂၂၊ ၅၅၃၃၃၊ ဦးဖြိုးဇော်သက် ဖုန်း-၀၇၁-၅၅၀၆၂၊ ဒေါ်ခင်ဆွေဦး ဖုန်း-၀၇၁-၅၅၀၀၇၊ ဦးအောင်ဆွေ ဖုန်း-၀၂-၆၆၇၇၉၊ ဦးရန်နောင်စိုး ဖုန်း-၀၆၇-၄၁၃၅၇၇၊ ၀၉-၈၆၃၀၀၄၉၊ ဦးကျော်ဝင်းစိန် ဖုန်း-၀၉-၄၃၀၈၄၀၀၈၊ ဦးဘိုဝင်း ဖုန်း-၀၉-၅၁၂၃၈၀၁၊ ဒေါ်တင်အေးကျော် ဖုန်း-၀၉-၆၄၅၀၁၈၁၊ ၀၉-၂၀၂၆၇၃၈၊ ဦးညွန့်ဋ္ဌေး ဖုန်း-၀၉-၄၇၀၀၆၇၆၇နှင့် ရဲအုပ်မျိုးညွန့်ဦး ဖုန်း-၀၇၁-၅၅၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အင်အားအသင့်အတင့် မြေငလျင်လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၆**

*ယနေ့ ည ၁၁ နာရီ ၄၈ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားမြောက်ပိုင်း)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။* (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ The Indian Agricultural Research Institute (IARI) ကို သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Pusa Campus ရှိ The Indian Agricultural Research Institute (IARI) ကို သွားရောက်ကြည့်ရှုလေ့လာသည်။**



နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံ Agriculture, Food Processing Industries & Parliamentary Affairs ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Shri Harish Rawat နှင့် IARI မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် IARI ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ IARI ညွှန်ကြားရေးမှူး Dr. H.S. Gupta နှင့် တွဲဖက်ညွှန်ကြားရေးမှူး Mr. H. S. Gaur တို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းတို့က မြန်မာနိုင်ငံ၏ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Rice Mechanization Machinery ပြကွက်၌ Green House ဖြင့် သုတေသနမျိုးစပါးများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဂူဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချ

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့တက်ရောက်ပြီးနောက် နယူးဒေလီမြို့ရှိ မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဂူဗိမာန်သို့ သွားရောက်ကြသည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မဟာတ္တမဂန္ဒီ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချပြီး တစ်မိနစ်ခန့် ငြိမ်သက်၍ အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အထိမ်းအမှတ်ဂူဗိမာန်အား လက်ယာရစ်တစ်ပတ်လှည့်လည်ပြီး ပွင့်ချပ်လွှာများကြဲချပေးကြသည်။

ထို့နောက် ဂူဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

## လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်သမ္မတအား မဟာတ္တမဂန္ဒီ အထိမ်းအမှတ် ဂူဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအတွင်းရေးမှူးက ဂူဗိမာန်၌ ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို ရှင်းလင်းပြသပြီး အမှတ်တရ စာအုပ်နှင့် ဂန္ဒီကိုယ်တစ်ပိုင်းပုံရုပ်တုလက်ဆောင်ကို ပေးအပ်သည်။

## ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နယူးဒေလီမြို့ရှိ မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။** (သတင်းစဉ်)